# ပြည်ထဲရေးနှင့် သာသနာရေးဌာန။

# အမျိုးသားမှတ်ပုံတင်ဌာန။

# ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ။

**အမှတ် ၁၁၇**

**ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ တပို့တွဲလဆုတ် ၂ ရက်။**

**(၁၉၅၁ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်။)**

Myanmar Law Information System (MLIS)

အမှတ် ၁၁၇။ ။ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင် ရေးအက်ဥပဒေ ပုဒ်မ ၅ အရ၊ အပ်နှင်းသည့်အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမတက၊ အောက်ပါ နည်းဥပဒေများ ကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင် ရေးနည်းဥပဒေများဟုခေါ်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင်-

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံ တင်ရေးအက်ဥပဒေကိုဆိုလိုသည်။

(ခ) အက်ဥပဒေအရ မှတ်ပုံတင်ထားသူနှင့်ပတ်သက်၍ "မှတ်ပုံတင်ထားသည့်လိပ်" ဆိုသည်မှာ၊ ထိုသူနှင့် ပတ်သက်၍ ပြုလုပ်သည့် မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသည့် လိပ်ကိုဖြစ်စေ၊ ထိုသူနှင့် ပတ်သက်၍ နည်းဥပဒေ ၂၆ အရ၊ လိပ်ပြောင်းလဲသည့် အကြောင်းကြားစာပေးခဲ့လျှင်၊ ယင်းသို့ပေးသည့် နောက်ဆုံးအကြောင်းကြားစာတွင် ဖော်ပြထားသည့်လိပ်ကိုဖြစ်စေ ဆိုလိုသည်။

(ဂ) "မှတ်ပုံတင်အာဏာပိုင်" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများကို မှတ်ပုံ တင်ရန်အလို့ငှါ၊ အက်ဥပဒေ ပုဒ်မ ၃ အရ၊ သို့တည်းမဟုတ် နည်းဥပဒေ ၃ အရ ခန့်ထားသူတဦးဦးကို ဆိုလိုသည်။

(ဃ) "သက်သေခံကပ်ပြား" ဆိုသည်မှာ၊ ဤနည်းဥပဒေများအရ၊ ထုတ်ပေးသော မည်သူဖြစ်ကြောင်း သက်သေခံကပ်ပြားကိုဆိုလိုသည်။

(င) "ယာယီသက်သေခံလက်မှတ်" ဆိုသည်မှာ၊ သက်သေခံကပ်ပြား အစားထုတ်ပေး၍၊ သတ်မှတ်ထား သည့်ကာလအပိုင်းအခြား အတွက်သာလျှင် အတည်ဖြစ်သော မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ် ကိုဆိုလိုသည်။

၃။ ။ (၁) အက်ဥပဒေနှင့်ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ နိုင်ငံတော် သမတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံကို၊ မိမိသင့်သည်ထင်မြင်သည့်စာရင်းကောက်ယူရာ နယ်များပိုင်း ခြားသတ်မှတ်၍၊ လိုအပ်သည့်မှတ်ပုံတင်အရာရှိများ၊ လက်ထောက်မှတ်ပုံတင်အရာရှိများနှင့် စာရင်း ထိန်းများကိုခန့်ထားနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁)တွင် ရည်ညွှန်းသည့်အရာရှိများနှင့် စာရင်းထိန်းများအပြင်၊ မှတ်ပုံတင်အရာရှိချုပ် ကသော်၎င်း၊ စာရင်းကောက်သူ ခန့်ထားရန် အတွက်မှတ်ပုံတင်အရာရှိချုပ်က အာဏာအပ်နှင်းထား သည့်အရာရှိကသော်၎င်း၊ စေတနာ့ဝန်ထမ်းတဦးဦးကို၊ စာရင်းကောက်ယူရာနယ် တခုခုအတွက်ဖြစ်စေ၊ ထိုနယ်၏တစိတ်တဒေသအတွက်ဖြစ်စေ၊ စာရင်းကောက်သူအဖြစ်ခန့်ထားနိုင်သည်။

၄။ ။ မှတ်ပုံတင်အရာရှိချုပ်သည်၊ စာရင်းကောက်သူမည်သူကိုမဆို၊ ဤနည်းဥပဒေများအရ၊ မိမိ၏ တာဝန်ဝတ်တရားများကို နည်းလမ်းတကျ ကျေပွန်စွာဆောင်ရွက်ခဲ့ကြောင်း ဝန်ခံချက်ပေးရန် ဆင့်ဆိုနိုင်သည့်ပြင်၊ ယင်းသို့ဆင့်ဆိုရန်လက်ထောက်မှတ်ပုံတင်အရာရှိတဦးဦးအားလည်း၊ အာဏာအပ် နှင်းနိုင်သည်။

၅။ ။ ဤနည်းဥပဒေများပါ ကိစ္စအလို့ငှါ၊ လူတဦးတယောက်သည် အခြားသူတဦးတယောက်ကို အမှန် တကယ်ထိန်းသိမ်းစောင့်ရှောက်၊ သို့တည်းမဟုတ် အုပ်ချုပ်လျက်ရှိလျှင်၊ ထိုသူသည် ထိုအခြားသူကို အုပ်ထိန်းသည်ဟုမှတ်ယူရမည်။

၆။ ။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူမည်သူမဆို၊ မှတ်ပုံတင်ရန်ကိစ္စအလို့ငှါ၊ လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍၊ မှန်ကန်သောအကြောင်းအရာကို၊ မှတ်ပုံတင်အာဏာပိုင်အားပေးရ မည်။

၇။ ။ မှတ်ပုံတင်အရာရှိချုပ်ကဖြစ်စေ၊ ဤကိစ္စအလို့ငှါ၊ မှတ်ပုံတင်အရာရှိချုပ်က အာဏာအပ်နှင်းထား သည့်အခြားအရာရှိတဦးဦးကဖြစ်စေ၊ နယ်တခုခုအတွက်သီးခြားသတ်မှတ်ထားသော ဤမှနောင်အဘို့ တွင်၊ "မှတ်ပုံတင်ကာလအပိုင်းအခြား" ဟုရည်ညွှန်းသည့်ကာလအပိုင်းအခြားအတွင်း၊ အဆိုပါနယ်တွင် နေထိုင်သူမည်သူမဆို၊ မှတ်ပုံတင်စာရင်းပြုလုပ်ရန်အလို့ငှါ၊ ဤနည်းဥပဒေများနောက်၌ ပူးတွဲပါပုံစံ ၁ တွင်ပါရှိသည့်၊ မိမိနှင့်ပတ်သက်သော အကြောင်းအရာများကို၊ သက်ဆိုင်ရာ စာရင်းထိန်းအား၎င်း၊ စာရင်းကောက်သူအား၎င်း ပေးရမည်။

သို့ရာတွင် လူတဦးတယောက်သည်၊ အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းကိုခံရသူဖြစ်လျှင်၊ ထိုသူနှင့်ပတ်သက်၍ လိုအပ်သောအကြောင်းအရာများကို ထိုအုပ်ထိန်းသူကပေးရမည်။

၈။ ။ (၁) စာရင်းကောက်သူသည်၊ မိမိစာရင်းကောက်ယူရသည့်နယ်အတွင်း နေထိုင်သူများနှင့် ပတ်သက် သည့်မှတ်ပုံတင်စာရင်းများကို ပုံစံ ၁ ပါအကြောင်းအရာများ ဖေါ်ပြလျက်ဆိုခဲ့သည့်ပုံစံ ၁ ဖြင့် သုံးစောင်ပြုလုပ်ရမည်။

(၂) မည်သူမဆို၊ မှတ်ပုံတင်ပုံစံများ၊ မှတ်ပုံတင်ကပ်ပြားနှင့်သက်သေခံကပ်ပြားကို လက်မှတ်ရေးထိုး ရန်၊ စာရင်းကောက်သူကသော်၎င်း၊ စာရင်းထိန်းကသော်၎င်းဆင့်ဆိုသည့်အခါ၊ ထိုသို့ ဆင့်ဆိုသည့် အတိုင်းလက်မှတ်ရေးထိုးရမည်။ ထိုသူသည်စာမတတ်လျှင်၊ မိမိ၏လက်မှတ်အစား၊ မိမိ၏ လက်ဝဲ လက်မပုံစံကိုနှိပ်ရမည်။ ထိုသူ၏လက်မှတ်၊ သို့တည်းမဟုတ် လက်မပုံစံမှန်ကန်ကြောင်းကို စာရင်းထိန်း ကသော်၎င်း၊ စာရင်းကောက်သူကသော်၎င်း၊ သက်သေခံလက်မှတ်ရေးထိုးရမည်။ ထို့ပြင် ထိုသူမည်သူ ဖြစ်ကြောင်းကိုလည်း စာရင်းထိန်းကဖြစ်စေ၊ စာရင်းကောက်သူကဖြစ်စေ၊ ထိုသူတို့အနက် တဦးဦးနှင့် သိကျွမ်းသူကဖြစ်စေ သက်သေခံရမည်။

၉။ ။ စာရင်းကောက်သူသည်၊ စာရင်းများကို စာရင်းထိန်းအားပေးအပ်ရမည်။ စာရင်းထိန်းက၊ ထိုစာရင်းများတွင် ရေးသွင်းချက်များနည်းလမ်းတကျပြည့်စုံလုံလောက်စွာရေးသွင်းထားသည် မထား သည့်ကို

Myanmar Law Information System (MLIS)

မိမိသဘောကျေနပ်လောက်အောင် စုံစမ်းစစ်ဆေးရမည့်ပြင်၊ ထိုစာရင်းများတွင် မိမိလိုအပ်သည် ထင်မြင်သည့် ပြင်ဆင်ချက်များကိုလည်းပြုလုပ်ရမည်။ ထိုနောက်စာရင်းထိန်းသည်၊ စာရင်းများကို လက်ထောက်မှတ်ပုံတင်အရာရှိထံပေးပို့ရမည်။ လက်ထောက်မှတ်ပုံတင်အရာရှိက၊ သက်သေခံကပ်ပြား များထုတ်ပေးရန်ကိစ္စအလို့ငှါ၊ လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ရမည်။

၁၀။ ။ လက်ထောက်မှတ်ပုံတင်အရာရှိသည်၊ စာရင်းအားလုံးကိုစစ်ဆေးပြီးလက်မှတ်ရေးထိုးရမည်။ ထို့ ပြင်ထိုစာရင်းများ၏ မိတ္တူတစောင်စီကို၊ စာရင်းထိန်းနှင့်မှတ်ပုံတင်အရာရှိထံပေးပို့ရမည်။

၁၁။ ။ မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် စာရင်းထိန်းအသီးသီးမှာ၊ မိမိအုပ်ချုပ် သောရပ်ကွက်ဆိုင်ရာမှတ်ပုံတင်စာရင်းကို လုံခြုံစွာထိန်းသိမ်းထားရန် တာဝန်ရှိစေရမည်။ ထိုပြင် ပြည်ထောင်စုတဝှန်းလုံးအတွက် မှတ်ပုံတင်စာရင်းများတွင်ပါရှိသည့်အကြောင်းအရာများကို၊ အညွှန်း ကပ်ပြားတွင် ရေးမှတ်ထားရမည်။ ထိုအညွှန်းကပ်ပြားများကို မှတ်ပုံတင်အရာရှိချုပ်၏ရုံး၌ ထိန်းသိမ်း ထားရှိရမည်။

၁၂။ ။ (၁) လက်ထောက်မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်စာရင်းများရရှိသောအခါ၊ ထိုစာရင်းများ တွင်နည်းလမ်းတကျ ထည့်သွင်းထားသူ အသီးသီးကို ဆယ့်နှစ်နှစ်ပြည့်ပြီးဖြစ်လျှင်၊ သက်သေခံကပ်ပြား တခုစီထုတ်ပေးရမည်။

(၂) သက်သေခံကပ်ပြားသည်၊ ဤနည်းဥပဒေများနောက်တွင် ပူးတွဲပါရှိသည့် ပုံစံ ၂ အတိုင်းဖြစ်ရမည်။

၁၃။ ။ (၁) အောက်ပါအကြောင်းတခုခုရှိလျှင်၊ စာရင်းထိန်းက၊ ယာယီသက်သေခံလက်မှတ်များကို ထုတ် ပေးနိုင်သည်။

(က) မှတ်ပုံတင်စာရင်းများတွင် ရေးသွင်းချက်များကိုနည်းလမ်းတကျ လုံလောက်စွာရေးသွင်းပြီးပြီဟု စာရင်းထိန်းကယူဆလျှင်။

(ခ) ပျောက်ဆုံးသော၊ သို့တည်းမဟုတ် ပျက်စီးသော၊ သို့တည်းမဟုတ် မထင်မရှားဖြစ်သော သက်သေခံ ကပ်ပြားအစား၊ အခြားကပ်ပြားတခု ထုတ်ပေးရန်လျှောက်လွှာတင်သွင်းလျှင်။

(ဂ) မှတ်ပုံတင်အရာရှိချုပ်က၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖေါ်ပြသည့် အခြား အကြောင်းများရှိလျှင်။

(၂) ယာယီသက်သေခံ လက်မှတ်များသည်၊ ဤနည်းဥပဒေများနောက်တွင် ပူးတွဲပါရှိသည့် ပုံစံ ၃ အတိုင်းဖြစ်ရမည်။

(၃) ယာယီသက်သေခံလက်မှတ် အတည်ဖြစ်သည့် ကာလအပိုင်းအခြားကို နေ့ရက်သတ်မှတ်၍ကန့် သတ်နိုင်သည်။

(၄) ယာယီသက်သေခံ လက်မှတ်ပိုင်ရှင်သည်၊ မိမိလက်မှတ်ကို လက်မှတ်အတည်ဖြစ်သည့် ကာလ အပိုင်းအခြားကုန်ဆုံးပြီးနောက် ခုနစ်ရက်အတွင်း၊ စာရင်းထိန်းထံပြန်အပ်ရမည်။ စာရင်းထိန်း သည်၊ လိုအပ်လျှင် နောက်ထပ်မည်ရွေ့မည်မျှကာလအပိုင်းအခြားအတွက် လက်မှတ်အတည်ဖြစ်ကြောင်း၊ ထပ်ဆင့်လက်မှတ်ရေးထိုး၍၊ ထိုလက်မှတ်ကိုသော်၎င်း၊ ပြန်လည်ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်သစ် တခုကိုသော်၎င်း ထုတ်ပေးနိုင်သည်။

(၅) ယာယီသက်သေခံလက်မှတ်ပိုင်ရှင်သည်၊ ထိုယာယီသက်သေခံလက်မှတ်အစား၊ သက်သေခံ ကပ်ပြားကို ရရှိသောအခါ၊ ထိုယာယီသက်သေခံလက်မှတ်ကို၊ စာရင်းထိန်းထံပေးအပ်ရမည်။

Myanmar Law Information System (MLIS)

သို့ရာတွင် နည်းဥပဒေခွဲ (၄) နှင့် (၅) ပါကိစ္စများအလို့ငှါ၊ ယာယီသက်သေခံလက်မှတ်သည်၊ အခြားသူ တဦး၏အုပ်ထိန်းခြင်းခံရသူနှင့်သက်ဆိုင်လျှင်၊ ထိုသက်သေခံလက်မှတ်ကို ထိုအုပ်ထိန်းသူက ပေးအပ် ရမည်။

၁၄။ ။ အသက်အရွယ်ကြောင့် သက်သေခံကပ်ပြား ထုတ်မပေးရသေးသည့် မှတ်ပုံတင်ထားသူတဦးတ ယောက်ဆယ့်နှစ်နှစ်ပြည့်သောအခါ၊ သို့ပြည့်ပြီးနောက် ရက်ပေါင်း ၃၀ အတွင်း၊ ထိုသူကို အုပ်ထိန်းသူက၊ ထိုသူ့အတွက်သက်သေခံကပ်ပြားရလိုကြောင်း စာရင်းထိန်းထံလျှောက်ထားရမည်။

သို့ရာတွင် မှတ်ပုံတင်ထားသူသည်၊ အခြားသူ၏အုပ်ထိန်းခြင်းမရှိသူဖြစ်လျှင်၊ ထိုသူမှာသက်သေခံကပ် ပြားရလိုကြောင်း စာရင်းထိန်းထံကိုယ်တိုင် လျှောက်ထားရန်တာဝန်ရှိရမည်။

၁၅။ ။ စာရင်းထိန်းမှာ၊ လူတဦးတယောက်နှင့်ပတ်သက်၍ ထုတ်ပေးသော သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ထိုသက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက် သေခံလက်မှတ်နှင့်သက်ဆိုင်သူကိုဖြစ်စေ၊ ထိုသူသည်အခြားသူ၏ အုပ်ထိန်းခြင်းကို ခံရသူဖြစ်လျှင်၊ ထိုအုပ်ထိန်းသူကိုဖြစ်စေ၊ သေချာစွာပေးအပ်ရန်တာဝန်ရှိရမည်။

၁၆။ ။ သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်နှင့်သက်ဆိုင်သူမှာ၊ သို့တည်းမ ဟုတ် ထိုသူကိုအုပ်ထိန်းသူမှာ၊ သက်သေခံကပ်ပြားများကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် များကိုရရှိသောအခါ ထိုကပ်ပြားများကို၊ သို့တည်းမဟုတ် လက်မှတ်များကိုနည်းဥပဒေ ၂၉ ပါပြဋ္ဌာန်း ချက်များနှင့်မဆန့်ကျင်စေဘဲ၊ ထိန်းသိမ်းထားရန်တာဝန်ရှိသည်။

၁၇။ ။ မည်သူမျှ သက်သေခံကပ်ပြားပေါ်တွင်ဖြစ်စေ၊ ယာယီသက်သေခံ လက်မှတ်ပေါ်တွင်ဖြစ်စေ၊ မည်သည့်အမှတ်အသား၊ သို့တည်းမဟုတ် မည်သည့်ရေးသွင်းချက်ကိုမျှမပြုလုပ်ရ၊ သို့တည်းမဟုတ် သက်သေခံကပ်ပြားပေါ်တွင်ဖြစ်စေ၊ ယာယီသက်သေခံလက်မှတ်ပေါ်တွင်ဖြစ်စေ၊ ရေးမှတ်ထားသည့် မည်သည့်အမှတ်အသား၊ သို့တည်းမဟုတ် မည်သည့်ရေးသွင်းချက်ကိုမျှဖျက်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲခြင်းမပြုရ။ ထို့ပြင်သက်သေခံကပ်ပြားကိုဖြစ်စေ၊ ယာယီသက်သေခံလက်မှတ်ကိုဖြစ်စေ၊ အခြားနည်းအားဖြင့် မထင်မရှားအောင်၊ သို့တည်းမဟုတ် ပျက်စီးအောင်မပြုလုပ်ရ။

သို့ရာတွင်ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ မှတ်ပုံတင်အာဏာပိုင်တဦးဦးက ဤနည်းဥပဒေများ အရသော်၎င်း၊ မှတ်ပုံတင်အရာရှိချုပ်၏ညွှန်ကြားချက်အရသော်၎င်း၊ ပြုလုပ်သည့် ကိစ္စဟူသမျှနှင့် မသက်ဆိုင်စေရ။

၁၈။ ။ သက်သေခံကပ်ပြားနှင့်၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် နှင့်သက်ဆိုင်သူကဖြစ်စေ၊ ထိုသူကိုအုပ်ထိန်းသူကဖြစ်စေ၊ ထိုသက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် ကိုအခြားသူတဦးတယောက်အားလွှဲပြောင်းခြင်း လွှဲအပ်ခြင်းမပြုရ။

၁၉။ ။ သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ပျောက်ဆုံးခဲ့သော်၊ ပျက်စီးခဲ့ သော်၊ သို့တည်းမဟုတ် မထင်မရှားဖြစ်ခဲ့သော်၊ ထိုကပ်ပြား၊ သို့တည်းမဟုတ် ထိုလက်မှတ်ပိုင်ရှင်က သော်၎င်း၊ ထိုကပ်ပြား၊ သို့တည်းမဟုတ် ထိုလက်မှတ်ကို ထိန်းသိမ်းထားရန်တာဝန်ရှိသူကသော်၎င်း၊ ထို အကြောင်းနှင့်ပတ်သက်၍၊ စာရင်းထိန်းထံချက်ခြင်း တိုင်ကြားရမည့်အပြင်၊ အခငွေ ၁ ကျပ်ကိုလည်း ပေးဆောင်ရမည်။ သို့ရာတွင်

Myanmar Law Information System (MLIS)

လက်ထောက်မှတ်ပုံတင်အရာရှိက၊ မိမိသင့်သည်ထင်မြင်သည့် အကြောင်း များရှိလျှင်၊ မည်သူကိုမဆို၊ ထိုအခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။ သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်၊ မထင်မရှားဖြစ်ခဲ့သော်၊ ထိုကပ်ပြား၊ သို့တည်းမဟုတ် ထိုလက်မှတ်ကို၊ စာရင်းထိန်းထံသို့တိုင်ချက်နှင့်တကွပေးအပ်ရမည်။ စာရင်းထိန်းကဖြစ်စေ၊ လက် ထောက်မှတ်ပုံတင်အရာရှိကဖြစ်စေ၊ သက်ဆိုင်သူက ထိုကပ်ပြား၊ သို့တည်းမဟုတ် ထိုလက်မှတ် အစား ကပ်ပြား၊ သို့တည်းမဟုတ် လက်မှတ်တခုအသစ်ထုတ်ပေးရန်လိုအပ်သည့် အတိုင်းအရေးယူ ဆောင်ရွက် ရမည်။

၂၀။ ။ ပျောက်ဆုံးသည့်သက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို တွေ့ရှိ သူမည်သူမဆို၊ ထိုကပ်ပြားကို၊ သို့တည်းမဟုတ် ထိုသက်သေခံလက်မှတ်ကို၊ တွေ့ရှိရာနယ်ရှိစာရင်းထိန်း ထံသို့ချက်ခြင်းပေးအပ်ရမည်။

၂၁။ ။ မှတ်ပုံတင်ထားသူတဦးတယောက်သေဆုံးသည့်အခါ သေဆုံးသူ၏သက်သေခံကပ်ပြား၊ သို့တည်း မဟုတ် ယာယီသက်သေခံလက်မှတ်လက်ရှိဖြစ်သူသည်၊ ထိုကပ်ပြားကို၊ သို့တည်းမဟုတ် ထိုလက်မှတ် ကိုဆိုင်ရာစာရင်းထိန်းထံသို့ခုနစ်ရက်တွင်းပေးအပ်ရမည်။

၂၂။ ။ မှတ်ပုံတင်ထားသူတဦးတယောက်သည်၊ အက်ဥပဒေအရမှတ်ပုံတင်ရသူအဖြစ်မှ ရပ်စဲသည့်အခါ၊ ထိုသို့ရပ်စဲကြောင်းတိုင်ချက်ကို၊ သက်ဆိုင်ရာလက်ထောက်မှတ်ပုံတင် အရာရှိထံသို့ဖြစ်စေ၊ ထိုတိုင်ချက် ကိုလက်ခံရန် မှတ်ပုံတင်အရာရှိချုပ်က၊ အာဏာအပ်နှင်းထားသောအခြားသူတဦးဦးထံသို့ဖြစ်စေ၊ ချက် ခြင်းပေးပို့ရမည်။ ထိုသို့တိုင်ချက်ပေးပို့သည်နှင့် တပြိုင်နက်မိမိလက်တွင်ရှိသောသက်သေခံ ကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကိုအဆိုပါအရာရှိထံ၊ သို့တည်းမဟုတ် အဆိုပါအာဏာ အပ်နှင်းထားသူထံပေးအပ်ရမည်။

၂၃။ ။ လူတဦးတယောက်သည်၊ မိမိနှင့်မသက်ဆိုင်သည့်၊ သို့တည်းမဟုတ် မိမိအုပ်ထိန်းခြင်းကိုခံရသူနှင့် မသက်ဆိုင်သည့် သက်သေခံကပ်ပြားဖြစ်စေ၊ ယာယီသက်သေခံလက်မှတ်ဖြစ်စေ၊ မိမိလက်တွင်ရှိလျှင်၊ ထိုသက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ထိုယာယီသက်သေခံလက်မှတ်ကိုစာရင်းထိန်းထံချက်ခြင်း ပေးအပ်ရမည်။

၂၄။ ။ လူတဦးတယောက်သည်၊ မိမိတဦးတည်းနှင့်သော်၎င်း၊ မိမိ၏အုပ်ထိန်းခြင်းကိုခံရသူတဦးတည်း နှင့်သော်၎င်း၊ သက်ဆိုင်သည့် သက်သေခံကပ်ပြားဖြစ်စေ၊ ယာယီသက်သေခံလက်မှတ်ဖြစ်စေ၊ တခု ထက်ပို၍မိမိလက်တွင်ရှိလျှင်၊ ထိုအပိုကပ်ပြားကို၊ သို့တည်းမဟုတ် ထိုအပိုသက်သေခံလက်မှတ်ကို၊ စာရင်းထိန်းထံချက်ခြင်းပေးအပ်ရမည်။

၂၅။ ။ လူတဦးတယောက်သည်၊ တဆက်တည်း တလထက်ပို၍ မိမိမှတ်ပုံတင်ထားသည့်လိပ်မှ ခေတ္တထွက်ခွါသွားလျှင်၊ ထိုသူသည် မိမိမှတ်ပုံတင်ထားသည့် လိပ်တည်ရာနေရပ်ရှိဆိုင်ရာစာရင်းထိန်းထံ ဖြစ်စေ၊ မိမိရောက်နေသောနေရပ်ရှိ ဆိုင်ရာစာရင်းထိန်းထံဖြစ်စေ၊ မှတ်ပုံတင်ထားသည့်လိပ်မှ ထွက်ခွါ နေကြောင်းကို အကြောင်းကြားရမည်။

၂၆။ ။ (၁) မှတ်ပုံတင်ထားသူတဦးတယောက်သည်၊ မိမိမှတ်ပုံတင်ထားသည့် လိပ်ပြောင်းလဲသောအခါ၊ ထိုသို့ပြောင်းလဲကြောင်းကို နည်းဥပဒေခွဲ (၂) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်။ သို့ရာတွင် လူတဦးတယောက်သည်၊ အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းကို ခံရသူဖြစ်လျှင်၊ ထို အုပ်ထိန်းသူက ထိုသို့အကြောင်းကြားရမည်။

(၂) လူတဦးတယောက်သည်၊ မိမိ၏နေရပ်သစ်သို့ ရောက်ရှိပြီးနောက် သုံးရက်အတွင်း၊ ထိုသို့ လိပ်ပြောင်းလဲကြောင်းကို၊ ထိုနေရပ်သစ်တည်ရှိသည့် နယ်ရှိစာရင်းထိန်းထံစာဖြင့်ရေးသား တိုင်ကြားရ မည်။

ထိုသို့တိုင်ကြားသည်နှင့်တပြိုင်နက်၊ မိမိလက်တွင်ရှိသော သက်သေခံကပ်ပြားကို၊ သို့တည်း မဟုတ် ယာယီသက်သေခံလက်မှတ်ကို၊ စာရင်းထိန်းထံပေးအပ်ရမည်။

(၃) ယာယီသက်သေခံ လက်မှတ်ဖြစ်လျှင်၊ စာရင်းထိန်းသည် ထိုလက်မှတ်ကိုသော်၎င်း၊ ထပ်ဆင့်လက် မှတ်ရေးထိုး၍ ပြန်လည်ထုတ်ပေးရမည်၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်သစ်တခုကို သော်၎င်း ထုတ်ပေးရမည်။ ထို့ပြင် ထိုသို့ထုတ်ပေးကြောင်းကိုလည်း၊ လက်ထောက်မှတ်ပုံတင်အရာရှိထံ အစီရင်ခံရမည်။

(၄) သက်သေခံကပ်ပြားဖြစ်လျှင်၊ စာရင်းထိန်းသည် ထိုသက်သေခံကပ်ပြားအစား ယာယီသက်သေခံ လက်မှတ်တခုကို ထိုသူအားထုတ်ပေးရမည်ပြင်၊ အဆိုပါ သက်သေခံကပ်ပြားကို မိမိ၏အစီရင်ခံစာနှင့် တကွဆိုင်ရာလက်ထောက်မှတ်ပုံတင်အရာရှိထံ တင်သွင်းရမည်။ လက်ထောက်မှတ်ပုံတင် အရာရှိသည်၊ ထိုသက်သေခံကပ်ပြားကိုသော်၎င်း ထပ်ဆင့် လက်မှတ်ရေးထိုး၍ ပြန်လည်ထုတ်ပေးရမည်၊ သို့တည်း မဟုတ် သက်သေခံကပ်ပြားသစ်တခုကိုသော်၎င်း ထုတ်ပေးရမည်။

၂၇။ ။ (၁) မှတ်ပုံတင်ထားသူတဦးတယောက်သည်၊ မှတ်ပုံတင်သည့်အချိန်အခါ၌ ပေးထားသော မှတ်ပုံ တင်ထားသည့်လိပ်မှတပါး၊ အခြားအကြောင်းအရာတခုခုနှင့်ပတ်သက်၍ ပြောင်းလဲခြင်းရှိခဲ့သော်၊ ထိုပြောင်းလဲချက်ကို နည်းဥပဒေခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်။

သို့ရာတွင် လူတဦးတယောက်သည်၊ အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းကိုခံရသူဖြစ်လျှင်၊ ထိုအုပ်ထိန်းသူက ဆိုခဲ့သည့်အတိုင်း အကြောင်းကြားရမည်။

(၂) လူတဦးတယောက်သည်၊ ထိုသို့ပြောင်းလဲပြီးနောက် ရက်ပေါင်းသုံးဆယ်အတွင်း၊ ပြောင်းလဲချက်ကို ဆိုင်ရာစာရင်းထိန်းထံစာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့ တိုင်ကြားသည်နှင့်တပြိုင်နက်၊ မိမိလက် တွင်ရှိသော သက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို၊ ဆိုင်ရာစာရင်း ထိန်းထံပေးအပ်ရမည်။

(၃) ယာယီသက်သေခံလက်မှတ်ဖြစ်လျှင်၊ စာရင်းထိန်းသည်၊ ထိုလက်မှတ်ကိုသော်၎င်း ထပ်ဆင့် လက်မှတ်ရေးထိုး၍ ပြန်လည်ထုတ်ပေးရမည်။ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်သစ်တခုကို သော်၎င်း ထုတ်ပေးရမည်။ ထို့ပြင် ထိုသို့ထုတ်ပေးကြောင်းကိုလည်း လက်ထောက်မှတ်ပုံတင် အရာရှိထံ အစီရင်ခံရမည်။

(၄) သက်သေခံကပ်ပြားဖြစ်လျှင်၊ စာရင်းထိန်းသည် ထိုသက်သေခံကပ်ပြားအစား၊ ယာယီသက်သေခံ လက်မှတ်တခုကို ထိုသူအားထုတ်ပေးရမည့်ပြင်၊ အဆိုပါသက်သေခံကပ်ပြားကို၊ မိမိ၏အစီရင်ခံစာနှင့် တကွ၊ ဆိုင်ရာလက်ထောက်မှတ်ပုံတင် အရာရှိထံတင်သွင်းရမည်။ လက်ထောက်မှတ်ပုံတင်အရာရှိသည်၊ ထိုသက်သေခံကပ်ပြားကိုသော်၎င်း ထပ်ဆင့်လက်မှတ်ရေးထိုး၍ ပြန်လည်ထုတ်ပေးရမည်။ သို့တည်း မဟုတ်သက်သေခံကပ်ပြားသစ်တခုကိုသော်၎င်း ထုတ်ပေးရမည်။

(၅) စာရင်းထိန်းနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့သည်၊ လုံခြုံစွာထိန်းသိမ်းပြုပြင်ထားရန် မိမိတို့ မှာတာဝန်ရှိသည့် မှတ်ပုံတင်စာရင်းများတွင် လိုအပ်သည့်ပြင်ဆင်ချက်များကို ပြုလုပ်ရမည်။

Myanmar Law Information System (MLIS)

၂၈။ ။ (၁) မှတ်ပုံမတင်ရသေးသူ တဦးတယောက်သည်၊ အရပ်ဒေသတခုခုအတွက် နည်းဥပဒေ ၇ အရ၊ သီးခြားသတ်မှတ်သည့် မှတ်ပုံတင်ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ အဆိုပါအရပ်ဒေသသို့ လာရောက်နေထိုင်ခဲ့သော်၊ ထိုအရပ်ဒေသသို့ ရောက်ပြီးနောက်သုံးရက်အတွင်း၊ ဆိုင်ရာစာရင်းထိန်းထံ၊ မိမိမှတ်ပုံတင်ရန်အတွက် လိုအပ်သည့်အကြောင်းအရာများကို ဖေါ်ပြလျက်၊ စာဖြင့်ရေးသားတိုင်ကြားရ မည်။ စာရင်းထိန်းသည်၊ ထိုသူမှတ်ပုံတင်ရန်အတွက် လိုအပ်သည့်အတိုင်းအရေးယူ ဆောင်ရွက်ရမည်။

သို့ရာတွင် လူတဦးတယောက်သည်၊ အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းကို ခံရသူဖြစ်လျှင်၊ ထိုသူနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို၊ ထိုအုပ်ထိန်းသူကဖေါ်ပြ၍ တိုင်ကြားရမည်။

(၂) အရပ်ဒေသတခုခုအတွက် နည်းဥပဒေ ၇ အရ သီးခြားသတ်မှတ်သည့် မှတ်ပုံတင်ကာလ အပိုင်း အခြား ကုန်ဆုံးပြီးနောက်၊ ထိုအရပ်ဒေသတွင် ကလေးမွေးဖွါးလျှင်၊ ကလေးကို အုပ်ထိန်းသူက ကလေး မွေးဖွါးပြီးနောက် ခုနစ်ရက်အတွင်းကလေးမှတ်ပုံတင်ရန် လိုအပ်သည့်အကြောင်းအရာများကို ဖေါ်ပြ လျက်၊ ဆိုင်ရာစာရင်းထိန်းထံတိုင်ကြားရမည်။ ထိုစာရင်းထိန်းသည်၊ အဆိုပါကလေးကို မှတ်ပုံတင်ရန် လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ရမည်။

(၃) လူတဦးတယောက်သည်၊ မိမိနေထိုင်သောအရပ်ဒေသအတွက် နည်းဥပဒေ ၇ အရ၊ သီးခြား သတ်မှတ်သည့် မှတ်ပုံတင်ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ အက်ဥပဒေနှင့်၎င်း၊ ဤနည်းဥပဒေ များနှင့်၎င်း၊ သက်ဆိုင်လာလျှင်၊ ထိုသို့သက်ဆိုင်လာပြီးသည့်နောက် ရက်ပေါင်း သုံးဆယ် အတွင်း မိမိမှတ်ပုံတင်ရန်လိုအပ်သောအကြောင်းအရာများကို ဖေါ်ပြလျက်၊ ဆိုင်ရာစာရင်းထိန်းထံ တိုင်ကြားရ မည်။ စာရင်းထိန်းသည်၊ ထိုသူကိုမှတ်ပုံတင်ရန် လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ရမည်။

သို့ရာတွင် လူတဦးတယောက်သည်၊ အခြားသူတဦးတယောက်၏အုပ်ထိန်းခြင်းကို ခံရသူဖြစ်လျှင်၊ ထိုသူနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ထိုအုပ်ထိန်းသူကဖေါ်ပြ၍ တိုင်ကြားရမည်။

၂၉။ ။ (၁) နည်းဥပဒေ ၁၆ တွင်မည်သို့ပင် ပါရှိစေကာမူ၊ သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ရရှိပြီးသူသည်၊ အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းခံရသူဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မိမိမှတ်ပုံတင်ထားသည့် လိပ်တည်ရာမြို့နယ်၏နယ်နိမိတ်ပြင်ပသို့ ထွက်ခွါ သွားလျှင်၊ အဆိုပါကပ်ပြားကို၊ သို့တည်းမဟုတ် လက်မှတ်ကိုမိမိနှင့်အတူ ယူဆောင်သွားရမည်။

သို့ရာတွင် လူတဦးတယောက်၏မှတ်ပုံတင်ထားသည့် လိပ်တည်ရှိရာမြို့သည်၊ မြို့နယ်တခုတည်း အတွင်းတွင် ပါဝင်နေသည်မဟုတ်လျှင်၊ ထိုသူသည် ထိုမြို့၏နယ်နိမိတ်ပြင်ပသို့ ထွက်ခွါမသွားပါက၊ သက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ယူဆောင်သွားရန်မလိုချေ။

(၂) မှတ်ပုံတင်အာဏာပိုင်များနှင့် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် အာဏာ အပ်နှင်းထားသည့်အခြား သူများမှာ၊ သက်သေခံကပ်ပြားကိုဖြစ်စေ၊ ယာယီသက်သေခံလက်မှတ်ကို ဖြစ်စေ၊ စစ်ဆေးရန်အလို့ငှါ၊ တင်ပြရမည်ဟု ဆင့်ဆိုရန်အာဏာရှိရမည်။

Myanmar Law Information System (MLIS)

(၃) သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် ရရှိသူအား၊ မိမိမှတ်ပုံတင်ထား သည့်လိပ်တွင်၊ ထိုသက်သေခံကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို တင်ပြရမည် ဟုဆင့်ဆိုလျှင်၊ ထိုသူသည် ယင်းသို့ဆင့်ဆိုသည့်အတိုင်း၊ ချက်ခြင်းတင်ပြရမည်။

သို့ရာတွင် အခြားသူတဦးတယောက်၏ အုပ်ထိန်းခြင်းခံရသူနှင့် သက်ဆိုင်သည့် သက်သေခံ ကပ်ပြားကို၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ထိုအုပ်ထိန်းသူက တင်ပြရမည်။

(၄) သက်သေခံကပ်ပြား၊ သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ် ရရှိသူအား၊ ထိုကပ်ပြားကို၊ သို့တည်းမဟုတ် ထိုလက်မှတ်ကို၊ နည်းဥပဒေခွဲ (၁) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ မိမိမှတ်ပုံတင်ထား သည့်လိပ်မှထွက်ခွါနေစဉ်၊ ရောက်နေသည့်လိပ်တွင် တင်ပြရမည်ဟု ဆင့်ဆိုလျှင်၊ ထိုသူသည် အခြားတဦးတယောက်၏ အုပ်ထိန်းခြင်းခံရသူဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ယင်းသို့ဆင့်ဆို သည့်အတိုင်းချက်ခြင်းတင်ပြရမည်။ ထိုကပ်ပြားကို၊ သို့တည်းမဟုတ် ထိုလက်မှတ်ကို မှတ်ပုံတင် အာဏာပိုင်၏ရုံးတွင် တင်ပြရမည်ဟုဆင့်ဆိုလျှင်၊ ထိုသူသည် ထိုအာဏာပိုင်ကဖြစ်စေ၊ ထိုအာဏာအပ် နှင်းခြင်းခံရသူကဖြစ်စေ၊ သီးခြားသတ်မှတ်သည့်အချိန်ကာလအတွင်း တင်ပြရမည်။

၃၀။ ။ မှတ်ပုံတင်အရာရှိချုပ်သည်၊ ဤအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် နည်းဥပဒေ ၃ အရ ခန့်ထားသူတို့အား၊ ထိုသူတို့၏ တာဝန်ဝတ်တရားများကို နည်းလမ်းတကျ ဆောင်ရွက်စေခြင်းငှါ၊ လိုအပ်သည်ဟု မိမိထင်မြင်သည့် ညွှန်ကြားချက်များကို၊ သို့တည်းမဟုတ် ဆင့်ဆို ချက်များကို၊ အထူးအားဖြင့် ဖြစ်စေ၊ ယေဘုယျအားဖြင့်ဖြစ်စေ၊ ထုတ်ဆင့်နိုင်သည်။ အဆိုပါ ညွှန်ကြား ချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်ကိုရရှိသူသည်၊ ထိုညွှန်ကြားချက်၊ သို့တည်းမဟုတ် ထိုဆင့်ဆိုချက် အတိုင်းလိုက်နာဆောင်ရွက်ရမည်။

၃၁။ ။ မည်သူမဆို၊ ဤနည်းဥပဒေများပါ၊ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို ဆန့်ကျင်လျှင်၊ ထိုသူသည် အက်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (၂) အရ တရားစွဲဆိုခြင်းခံရမည်။

၃၂။ ။ အထက်ပါ နည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည်၊ ဤနည်းဥပဒေ များကို သာသနာ့ဝန်ထမ်းများနှင့်ဖြစ်စေ၊ လူအမျိုးအစားတခုခုနှင့်ဖြစ်စေ၊ သက်ဆိုင်စေရာတွင်၊ မိမိသင့်သည် ထင်မြင်သည့် ခြွင်းချက်များကို၊ သို့တည်းမဟုတ် ပြင်ဆင်ချက်များကို ပြုလုပ်နိုင်သည်။

၃၃။ ။ အထက်ပါ နည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံခြားသားများသည်၊ နည်းဥပဒေ ၂၉ နှင့်နည်းဥပဒေ ၃၁ မှတပါး၊ အခြားအဆိုပါနည်းဥပဒေများနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေရမည်။

သို့ရာတွင်-

(က) ၁၉၄၀ ပြည့်နှစ်၊ နိုင်ငံခြားသားမှတ်ပုံတင် နည်းဥပဒေများအရ မှတ်ပုံတင်ထားသည့် နိုင်ငံခြား သားများသည်၊ ဤနည်းဥပဒေများအရ မှတ်ပုံတင်ထားသူများဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင်

(ခ) နည်းဥပဒေ ၂၉ နှင့်နည်းဥပဒေ၃၁ ပါကိစ္စအလို့ငှါ၊ ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများ မှတ်ပုံတင်သည့် နည်းဥပဒေများအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံ လက်မှတ်သည်၊ ဤနည်းဥပဒေများအရ၊ ထုတ်ပေးသည့်သက်သေခံ ကပ်ပြားဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ၊

ကာစီ၊

အတွင်းဝန်ချုပ်၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ပြည်ထဲရေးနှင့်သာသနာရေးဌာန။

Myanmar Law Information System (MLIS)

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 အမှတ်စဉ်------------------------- ပုံစံ ၁။ မှတ်ပုံတင်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ၂။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 အမှတ်စဉ်၊--------------------- ပုံစံ ၃။ ယာယီသက်သေခံလက်မှတ်။